# ကိုရွှေတောသား

# ပြောရရင်ညချုသွားမယ်

## (ကျေးလက်ပျော် ဟာသလုံးချင်းဝတ္ထုစစ်စစ်)



(၁)

# နွေနေ့လယ်ရဲ့ ကျောအပူ

နွေရာသီ၏ နေ့လယ်ခင်း။..

နွေကား....နွေပီသလွန်းလေစွ။

ပူပြင်းအိုက်စပ်လှပါဘိ။ ပူပြင်းမှုမှ သက်သာလိုသက်သာငြား သုတ်ဖြူးလာမည့် လေကို မျှော်လင့်ရချေ၏။

မျှော်လင့်ချက်တို့ ပြည့်ဝသည့် အလား လေကသုတ်ဖြူးတိုက်ခတ်ပါချေ၏။ သို့ရာတွင် အေးအေးငြိမ့်ငြိမ့်၊ သိမ့်သိမ့်သာသာ မရှိ၊ တံလှပ်ငွေ့တွေ တရိပ်ရိပ်ထသော ခြောက်သယောင်းနေသည့် လွင်ပြင်တို့ အား ဖြတ်သန်းတိုက်ခတ်လာရသည် မို့ တောင်ပြန် လေသည် အအေးဓာတ်မရှိဘဲ ရှူတပူလောင်နေတော့သည် ။

သစ်ပင်ကြီးငယ်တို့ မှာ လည်း ရွက်ဟောင်းတို့ ကိုဖြုတ်ချရင်း ရိုးတံအပြိုင်းပြိုင်းနှင့် ၊ အရာရာသည် နွေ၏ စုတ်ချက်ဖြင့် အပူရောင်တွေ မျှောသမ်းလျက်နေတော့သည် ။

သည် ကာလဝယ်....ဘိုးသာဒင်သည် အင်္ကျီ၊ စွပ်ကျယ်ဗလာနတ္ထိ၊ ကျောပြောင်ကြီးဖြင့် ခြံခြေရင်းဘက်ရှိ ရမ်းပင်ပျို အောက်၌ ပက်လက်ကုလားထိုင်ကလေးတစ်လုံးပေါ်ဝယ် အသာထိုင်ရင်း ဝါးယပ်တောင်တစ်ချောင်းဖြင့် အပူဒဏ်ကိုအန်တု သည့် အလား တဖျတ်ဖျတ်ယပ်ခတ်၍

နေလေတော့သည် ။

"ဝိုး…ပူလိုက်တဲ့ နေ၊ လူကို မနုဿခြောက်ဖြစ်အောင် ကျပ်တင်နေသလားမသိဘူး၊ ဒါတောင် ခြံထဲမှာ မို့၊ အိမ်ပေါ်မှာ ဆိုသွပ်မိုးနဲ့ ၊ ဘယ်ကလောက် ဒုက္ခများ မလည်း မသိဘူး….ဟူး"

ဘိုးသာဒင်က အပူဒဏ်ကိုကြောက်သောသူ ဖြစ်သည် ။ ရာသီဥတု ဘယ်ကလောက်အေးအေး နွေးထွေးဖို့ ရာ အဝတ်အစား တွေရှိသော်ငြား ပူပြင်းမှုဒဏ်ကို ကာကွယ်ဖို့ ရာကျတော့ ယပ်တောင်ကလေးတစ်ချောင်းမှ လွဲ၍ အခြားဘာမျှမရှိတော့ပြီတကား။

"ဟား….ယပ်တောင်ခတ်လို့ နည်းနည်းတော့အေးပါရဲ့ ၊ ဒါပေမဲ့ လက်ကယပ်တောင်ကို မနားတမ်းခတ်နေရတော့ ချွေးတွေက ပြိုက်ပြိုက်ယိုစီးကျ လာပြီးကော၊ နွေရယ်၊….မြန်မြန်ကုန်ပါတော့ဗျာ"

ကလေးဆန်လှသည် ပင် ဆိုချင်ဆိုပါတော့၊ ဘိုးသာဒင်စိတ်ထဲ သည်သို့ပင်ဆုတောင်းမိသည် က အမှန်။

"ဟော့ကောင်…..ချက်စူ၊ ဒါက ဘယ်ကိုသဝေထိုးမလို့ လဲ"

ယပ်တောင်တဖျတ်ဖျတ်ခတ်နေရင်းက အိမ်ပေါ်က ဆင်းလာသော မြေးတော်မောင် လူပျိုပေါက်ကို ဘိုးသာဒင် လှမ်းမေး လိုက်သည် ။

"ကျောင်းဆရာကိုလှအောင်တို့ အိမ်ဘက် လျှောက်မလို့ အဘိုးရဲ့ "

"အေး…သွားတာတော့သွားပေါ့၊ မဟုတ်မဟတ်တွေတော့ ကျောင်းဆရာဆီက ဆည်းပူးမလာနဲ့ နော်… ပေါက်တတ်ကရ လုပ်တာတွေကြားလို့ ကတော့ တိုင်မှာ ချိတ်ထားတဲ့ ထားဝယ်ကြိမ်ကိုကြည့်ထား.."

ဟွန်း….ကျောင်းဆရာက စာသင်တာတော့ကောင်းပါရဲ့ ၊ ဒါပေမဲ့….ကာလသားတွေတရုန်းရုန်းနဲ့ ဦးစီးဦးဆောင်လုပ်ပြီး ရွာတစ်ခုလုံးကို

ပြောင်းဆန်အောင် မွေတာတော့အမြင်ကတ်လှတယ်

"အဘိုးရယ်....ဆရာကိုလှအောင်က တကယ့်လူတော်ပါ၊ ဗဟု သုတ များ သလို အတော်ကလေးကိုလည်း စုံတဲ့ ပုဂ္ဂိုလ် ခင်ဗျ၊ ဆရာကိုလှ အောင်ရဲ့ ကတော် အစ်မသောင်းသောင်းကလည်း သိပ်သဘောကောင်း တာ၊ ဆရာကိုလှအောင်ကြောင့် ကျွန်တော်တို့ တစ်တွေ သည် လောက် လူရည်လည်တာ၊ ကိုင်း...သွားပြီ အဘိုး"

"တောက်.....ကာလသားသမီးများ တယ်လည်း ပြောရဆိုရကျပ်ပေ တာပဲ"

မြေးတော်မောင်ချက်စူ ထွက်သွားတော့ တဖျစ်တောက်တောက်နှင့် ပွစိပွစိလုပ်ရင်း ကျန်ရစ်ခဲ့သူမှာ နွေအပူဒဏ်ကို ကျော ကော့အောင်ခံ စားနေရသည့် ဘိုးသာဒင်ပဲ ဖြစ်လေသတည်း။

*****